dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How does Youth change Burma?"***

ဖြစ်ပါတယ်။ (ဇူလိုင် ၂၃ ၂၀၁၆ မွန္တလေးတွင် ရိုက်ကူးသည်။)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့"မြန်မာနိုင်ငံကို လူငယ်တွေရဲ့အားနဲ့ ဘယ်လိုပြောင်းလဲ နိုင်မလဲ"ဆိုတဲ့ဒီဘိတ်ကို ဆွေးနွေးကြမှာဖြစ်ပါတယ်။**

ကုလသမဂ္ဂရဲ့ စံနှုန်းအရ အသက် ၁၅နှစ်ကနေ ၂၄ နှစ်ထိကိုလူငယ်လို့သတ်မှတ်ထားပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ စုစုပေါင်း လူဦးရေရဲ့ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းဟာ အသက် ၁၅ နှစ်ကနေ ၂၄နှစ်ကြားလူငယ်တွေ ဖြစ်ပြီး အသက် ၁၀ နှစ်က ၂၄ နှစ်ကြား အတွင်းရှိ လူငယ်နဲ့ဆယ်ကျော်သက် အရေအတွက်က လူဦးရေရဲ့ ၂၇ ဒသမ ၈ ရာခိုင်နှုန်းရှိနေပါတယ်။

လက်ရှိမှာတော့ အစိုးရ၊ ကုလသမဂ္ဂနဲ့ လူငယ်များကြား ပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေး ကဏ္ဍမှာ လူငယ်တွေ ပါဝင်လာနိုင်ရေးနဲ့ နိုင်ငံရေး၊ စီးပွားရေးစတဲ့ ကဏ္ဍမျိုးစုံမှာလည်းပူးပေါင်း ပါဝင်မှုမြှင့်တင်ပေးနိုင်မယ့် လူငယ်ရေးရာမူဝါဒကို တခုကို စတင်ရေးဆွဲနိုင်ဖို့ စီစဉ်နေပြီး ၂၀၁၆ နှစ်၊ အောက်တိုဘာလကုန်မှာ လူငယ်ရေးရာမူဝါဒမူကြမ်းတခုထွက်ရှိဖို့လျာထားကြိုးပမ်းလျက် ရှိတယ်လို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဒေါက်တာဝင်းမြတ်အေးကပြောကြားထားပါတယ်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၈ နိုင်ငံက ၁၂၂ နိုင်ငံမှာ အမျိုးသား လူငယ်ရေးရာမူဝါဒတွေရှိပြီး ၃၇ နိုင်ငံကတော့ လူငယ်ရေးရာမူဝါဒများ ပြန်လည်ပြင်ဆင်ခြင်း (သို့မဟုတ်) အသစ် စတင်လုပ်ကိုင်ခြင်းတွေ ရှိနေပါတယ်။ လက်ရှိအခြေအနေအရ လူငယ်ရေးရာမူဝါဒ လုံးဝမရှိတဲ့ ကမ္ဘာ့နိုင်ငံပေါင်း ၃၁ နိုင်ငံထဲမှာ မြန်မာနိုင်ငံပါဝင်နေတာပါ။

လူငယ်ရေးရာမူဝါဒကို နိုင်ငံရေးပါတီ (သို့မဟုတ်) အရပ်ဘက်အဖွဲ့အစည်းတစ်ဖွဲ့ရဲ့ လွှမ်းမိုးမှုမပါဘဲ လူငယ်ထု၏ ဘုံသဘောတူညီချက်ဖြင့်သာ ရေးဆွဲမယ်လို့ ဇွန်လ ၁၁ ရက်ကနေ ၁၃ ရက်အထိ မုံရွာမြို့မှာ ပြုလုပ်တဲ့ တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်တွေ့ဆုံ ဆွေးနွေးပွဲမှာ သဘော တူသတ်မှတ်ခဲ့ကြပါတယ်။ "အနေနဲ့ မူဝါဒ မှာ သူတို့ပါဝင်ချင်တယ်ဆိုရင် ပါတီရဲ့ မူဝါဒကို ကိုင်ဆွဲလာလို့ မရဘူး။ လူငယ်တစ်ယောက်ရဲ့ အသံနဲ့ တိုင်းနဲ့ပြည်နယ် လူငယ် အသံတွေ စုပေါင်းတဲ့ အချိန်မှာ ကြိုက်တဲ့နည်းနဲ့ သူတို့ဘာသာ လွတ်လွတ်လပ်လပ်ပါလို့ရတယ်"ဟု ဖိုရမ်ဖြစ်မြောက်ရေး ဦးဆောင် ကော်မတီအဖွဲ့ဝင် ကိုစောသူရအောင်(Bosco) က ဆိုပါတယ်။

လူငယ်တွေရဲ့ အရည်အသွေးနဲ့ အခန်းကဏ္ဍကျယ်ပြန့်လာဖို့၊ မြန်မာနိုင်ငံမှာ လူငယ်တွေရဲ့ အားတွေထွက်ပေါ်လာဖို့နဲ့ လူငယ့်ရေးရာတွေကို ဒီတစ်ပတ် ဒီဗွီဘီ ဒီဘိတ်က မတူညီတဲ့ အမြင်ရှုထောင့်အသီးသီးကနေ ပိုင်းဝန်းအကြံပြု ဆွေးနွေးတင်ဆက် ကြမှာ ဖြစ်ပါတယ်။

**သူတို့အမြင်**

"ဒီမူဝါဒပြီးသွားရင် လူငယ်တွေရဲ့ ကျန်းမာမှု၊ ဖွံ့ဖြိုးမှု၊ သူတို့ရဲ့ ပညာရေး၊ အလုပ်အကိုင်ရရှိမှုဆိုတဲ့ဟာတွေ ဖြစ်လာမှာဆိုတော့ လူကြီး နေရာ ရောက်လာမယ့် သူတွေဖြစ်လို့ကျနော်တို့နိုင်ငံရဲ့ ပြောင်းလဲမှုဖြစ်စဉ်မှာ ပါဝင်လာဖို့ပေါ့။ အဓိကကတော့ National Development အတွက်ပါ"
**ဒေါက်တာ နေဝင်း -** လူငယ်မူဝါဒ ရေးဆွဲရာတွင် ပူးပေါင်း ပါဝင်သူ။

"အစိုးရက မူဝါဒတွေ ချမှတ်တဲ့အခါ လူငယ်တွေအတွက် ထည့်သွင်းစဉ်းစားရဲ့လားဆိုတာ တိုင်းတာ စစ်ဆေးနိုင်တဲ့ အကြောင်းအရာတခု ရသွားပါပြီ။ အစိုးရရဲ့ ဘယ်လိုစီမံကိန်းတွေလာသည်ဖြစ်စေ ဒီမူဝါဒအပေါ်မှာ အခြေခံပြီးတော့ လူငယ်တွေက သူတို့ရဲ့ ပါဝင်ခွင့် အတွက်ကို တရားဝင် တောင်းဆိုခွင့်ရမှာပါ"
**သဉ္ဇာရွှန်းလဲ့ရည်** - မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ဖိုရမ် ဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဝင်။

"အလွှာတိုင်းမှာက အားသာချက် ကိုယ်စီရှိကြတယ်။လူကြီးတွေမှာမရှိတဲ့လတ်ဆတ်တဲ့အတွေးအခေါ်တို့ တက်တက်ကြွကြွလုပ်နိုင်တာတို့ အဲဒါမျိုးတွေက လူငယ်တွေမှာရှိတယ်။ အဲလိုပြောလို့ လူကြီးတွေက အသုံးမကျတာမဟုတ်ဘူး။လူကြီးတွေမှာလည်းအားသာချက်ရှိတာပဲ။အတွေ့အကြုံ များတာတို့ စဉ်းစားချင့်ချိန်တတ်တာတို့ပေါ့"
**ဦးနေဘုန်းလတ်**- လွှတ်တော်ကိုယ်စားလှယ်။

"ပြီးခဲ့တာတွေပြီးခဲ့ပါပြီ။ကျွန်ပညာရေးစနစ်ကြောင့်၊စီမံကိန်းစီးပွားရေးစနစ်ကြောင့်၊ဟိုလူ့ကြောင့် ဒီလူ့ကြောင့် လွှဲမချလိုတော့ပါ။ လွှဲချနေရမည့် အချိန်လည်း မဟုတ်တော့ပါ။ မျိုးဆက်သစ်များကိုလက်တွေ့ ကျကျ အမြန်ဆုံးပြုစု ပျိုးထောင်နိုင်ရေးအတွက် လက်တွေ့ကျကျ စဉ်းစားဆုံးဖြတ် လုပ်ကိုင်ကြရန်သာ လိုရင်းဖြစ်ပါသည်။ မတူတာတွေထားလိုက်ပါ။ တူတာတွေအတွက် ကျွန်တော်တို့ ပိုင်းဝန်းလုပ်ဆောင် ပေးကြပါစို့။"
**ဒေါက်တာနေဝင်းမောင်** -မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူ၊ Myanmar Egress တည်ထောင်သူတစ်ဦး။

*Information links:*

www.7daydaily.com
www.burma.irrawaddy.org
www.mmtimes.com